

## ၃၁ ။ ဘလောက်တုံး ဘယ်နှတုံး ရှိမလဲ

အောက်မှာဖော်ပြထားတဲ့ ဘလောက်တုံးလေးတွေကို သေသေချာချာကြည့်နော်။ ကလေးတို့ရဲ့ စိတ်ထဲမှာ ဘယ်နှတုံး ဖြစ်နေမယ်ထင်သလဲ။








## ၃၂ ။ နာရီကို ထက်ပိုင်းပိုင်းစို့

ကဲ... ကလေးတို့ရေ။ ခဲတံတစ်ချောင်းကိုင်ပြီး နာရီကို ထက်ဝက်ကနေ ပိုင်းကြမယ်။ ဒါပေမယ့် ဒီလိုပိုင်းရာမှာ ခဲတံ တစ်ဘက်တစ်ချက်မှာ ဂဏန်း ၆ လုံးစီရှိရမှာဖြစ်ပြီး ခဲတံဟာ ကြား ကနေပိုင်းဝက်ပြီး ရှိနေရမယ်ပေါ့ကွယ်။ ခဲတံ တစ်ဘက်စီမှာရှိတဲ့ ဂဏန်း ၆ လုံးစီကို ပေါင်းလိုက်ရင် ပေါင်းလဒ်ချင်းတူညီနေရပါမယ်။ ဘယ်ဂဏန်း ၂ လုံးစီရဲ့ကြားမှာ ခဲတံကိုထားရင် ဖြစ်နိုင်မလဲဆိုတာ စဉ်းစားပေးပါကွယ်။